United Nations Nations Unies

OFFICE OF THE RESIDENT & HUMANITARIAN COORDINATOR, YANGON, REPUBLIC OF THE UNION OF MYANMAR

# သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာကနွတ်အော့စ်ဘီသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပဲခူး၊ ကရင်၊ မွန်၊ ရခိုင်၊ စစ်ကိုင်းနှင့် အခြားသော ပြည်နယ်များတွင် ဖြစ်ပွားလျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ကြီးမားလှသော ပျက်စီးဆုံးရှုံးမှုများကို စိုးရိမ်ပူပန်ခြင်းကြီးစွာဖြင့် မပြတ်နားစွင့်လျက်ရှိပါသည်။

အသက်အန္တရာယ်ရင်ဆိုင်ခဲ့ရသူများ၏ မိသားစုများ၊ ပစ္စည်းဥစ္စာများ၊ အခြေခံအဆောက်အအုံများနှင့် စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးရခြင်းကြောင့် အထိတ်တလန့်ဖြစ်နေကြရသည့် မိသားစုများအားလုံး အတွက် ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့သည် ၎င်း၏ မိတ်ဖက်များ၊ အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များကို နှိုးဆော်စည်းရုံးနေပြီဖြစ်ပြီး မြန်မာနိုင်ငံအစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူ များနှင့် အခြားမိတ်ဖက်များမှ ရေဘေးသင့်ပြည်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိသော အကူအညီများ၊ အထောက်အပံ့များတွင် ပါဝင်ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းနေပါသည်။

ရန်ကုန်၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်